# ဝမ်းမြောက်ခြင်းခရီးစဉ်



ကားတိုင်လမ်းသို့မသွားခင် တပည့်တော်များကို သခင်ယေရှုက ဤသို့ပြောကြားခဲ့ပါသည်။
"ငါအမှန်အကန်ဆိုသည်ကား သင်တို့သည် ငိုကြွေးမြည်တမ်းခြင်းရှိကြလိမ့်မည်။လောကီသားတို့သည် ဝမ်းမြောက်ခြင်းရှိကြလိမ့်မည်။သင်တို့မူကား ဝမ်းနည်းခြင်းရှိသော်လည်း ထိုဝမ်းနည်းခြင်းသည်တစ်ဖန် ဝမ်းမြောက်ခြင်းဖြစ်လိမ့်မည်... ယခုတွင် သင်တို့သည်ဝမ်းနည်းခြင်းရှိကြသော်လည်း၊နောက်တစ်ဖန် သင်တို့ကိုငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံးဝမ်းမြောက်ခြင်းရှိကြလိမ့်မည်။ထိုဝမ်းမြောက်ခြင်းကို အဘယ်သူမျှလုယူဖျက်ဆီးခြင်းငှာမတတ်နိုင်။ (ယောဟန် ၁၆း၂၀၊၂၂)
ဤမိန့်တော်မူချက်သည် မျှော်လင့်ခြင်းနှင့်ပြည့်ဝလျက် ကောင်းမွန်လှပေသည်။ သို့သော်ဝမ်းမြောက်ခြင်းရှိရန် လျှောက်လှမ်းရသည့်ခရီးစဉ်မှာလွယ်ကူမနေကြောင်း ကျွန်ုပ်တို့အားလုံးသိထားကြပါသည်။ ဆုံးရှုံးမှု၊စိတ်ပျက်မှုနှင့်ဖိစီးမှုများ ခံရချိန်၌ ဝမ်းမြောက်ခြင်းကိုရရှိရန် အတင်းအကျပ်လုပ်ယူ၍မရကြောင်းကို နားလည်ထားကြပါသည်။

သူကိုယ်တိုင်ကားစင်တင်ခံရပြီး ရှေ့တွင်ကြုံတွေ့ရမည့် ဒုက္ခပြဿနာများ၊ တပည့်တော်များ ကြုံတွေ့ရမည့်ဒုက္ခများကို သိနေလင့်ကစား ယေရှုကိုယ်တိုင် ဝမ်းမြောက်ခြင်းအကြောင်းကို သွန်သင်ပြောကြားခဲ့ပါသည်။ မည်သူမျှလုယူဖျက်ဆီး၍မရသည့် ဝမ်းမြောက်ခြင်းအကြောင်းကိုယေရှုပြောခဲ့ပါသည်။ ယေရှုပြောသည့်ဝမ်းမြောက်ခြင်းကို ယခုလိုကာလတွင်မည်သို့ရရှိနိုင်မည်နည်း။ စစ်မက်ဇုံ၊ ဒုက္ခသည်စခန်း၊ ပူဆွေးဝမ်းနည်းနေကြသူများအဖို့ "ဝမ်းမြောက်ခြင်းခရီးစဉ်" ဆိုသည်မှာ မည်သို့အဓိပ္ပာယ်ရှိပါသနည်း။

မကောင်းမှုကြီးစိုးသောယခုလိုကာလ၌ လူသားများအနေဖြင့် ဆိုးရွားစွာခံစားရမည်သာဖြစ်သည်။ လူသားတို့အတွက် နာကျင်မှုနှင့်ဆင်းရဲဒုက္ခသည် မလွဲကေန်ဖြစ်၍ တစ်ခါတစ်ရံမကောင်းမှု၏ ဖိစီးနှိပ်စက်မှု

ပြင်းထန်သောကြောင့် စိတ်ဝိညာဉ်ကျိုးပဲ့ပျက်စီးသောအချိန်မျိုးလည်းကြုံရတတ်သည်။ သို့သော်တစ်နေ့တွင် ထိုဝမ်းနည်းမှုများသည် ဝမ်းမြောက်ခြင်းသို့ပြောင်းလဲသွားမည်ဟူ၍ သခင်ယေရှုက တပည့်တော်များကို ကတိပေးခဲ့ပါသည်။ သခင်ယေရှုနှင့်တဖန်ပြန်လည်တွေ့ဆုံ၍ သခင်နှင့်ရင်းနှီးကျွမ်းဝင်သောပေါင်းသင်းဆက် ဆံရေးကို ထာဝရပြုလုပ်နိုင်ကြမည်ဖြစ်သည်။ ခက်ခဲသော၅၅နှစ်တာကာလအတွင်း ဝမ်းမြောက်မှုကိုရှာဖွေနိုင်သောနည်းလမ်းတစ်ခုမှာ ယုံကြည်ချက်၊ခံယူချက်တူသော ယုံကြည်သူများနှင့်အားပေးနှစ်သိမ့်မှုပြုလုပ်၍ အချင်းချင်းခွန်အားပေး ကြခြင်းကြောင့်ဖြစ်သည်။ ထိုအားပေးသူအချင်းချင်းသည်လည်း ဒုက္ခပြဿနာပေါင်းစုံနှင့် ကြုံတွေ့ရင်ဆိုင် ရသောသူများဖြစ်သည်။ထိုသို့အချင်းချင်းတည်ဆောက်ပြောဆိုနေစဉ်၌ပင် ကြုံတွေ့ရသည့်အခြေအနေ များကပြင်းထန်သောကြောင့် ဒေါသ၊ကြောက်ရွံ့မှု၊စိတ်ပျက်မှု စသည့်အနေအထားသို့ရောက်သွားကြသည့် အခိုက်အတန့်များလည်းရှိသည်။ ထိုသို့သောအခိုက်အတန့်မျိုး၌ရပ်တန့်မသွားဘဲ ညည်းတွားနေမည့်အစား၊ စောဒကတက်နေမည့်အစား ဆုတောင်းခြင်းဖြင့်အလှည့်အပြောင်းတစ်ခုကို ကျွန်ုပ်ပြုလုပ်လေ့ရှိသည်။ ထိုသို့ဘုရားသခင်ထံဆုတောင်းသည့်အခါ နက်ရှိုင်းသောငြိမ်သက်ခြင်းကို ကျွန်ုပ်ခံစားရလေ့ရှိသည်။ ကျွန်ုပ်နှင့်အတူတူဆုတောင်းနေသူကိုကြည့်လိုက်သည့်အခါတွင်လည်း ငြိမ်သက်ဝမ်းမြောက်သည့်ခံစားမှုမျိုး ပေါ်လွင်နေသည်ကိုသတိထားမိသည်။ ထိုအခါမျိုး၌ တစ်ကိုယ်တည်းမျှော်လင့်ချက်မရှိဟူသော ခံစားချက်မျိုး လည်းကျွန်ုပ်ထံ၌မရှိတော့ပေ။ ကျွန်ုပ်ကဲ့သို့ပင် ခရစ်တော်ကိုးစားသော၊ ဘုရား၏နှစ်သိမ့်ခြင်းကိုမျှော်လင့်နေ သော၊ဝိညာဉ်တော်၏ပို့ဆောင်မှုကိုစောင့်နေကြသော ယုံကြည်သူညီအစ်ကိုမောင်နှမများစွာရှိနေပါသည် ဟူ၍ ကျွန်ုပ်မျှော်လင့်ချက်ရှင်သန်လာသည်။ ယုံကြည်သူအချင်းချင်းထဲ၌ ခရစ်တော်ရှင်သန်နေသည် ဟူသော အချက် ကိုကျွန်ုပ်တွေ့မြင်လာသည်။ အခြားယုံကြည်သူ၏အထဲ၌ခရစ်တော်ကိုကျွန်ုပ်မြင်တွေ့ရသလို၊ ကျွန်ုပ်၏အထဲ၌လည်း ခရစ်တော်ကို အခြားသူများမြင်တွေ့လာပါသည်။

ဆင်းရဲဒုက္ခထဲ၌ ဘုရားကပစ်ပယ်မထားပေ။ ယေရှုခရစ်တော်ကို ယုံကြည်၍ချစ်ခြင်းမေတ္တာဖြင့် အစေခံနေသူများအားဖြင့် ခရစ်တော်သည် ကောင်းသည့်အရာများကိုပြုလုပ်ပေးလျက်ရှိသည်။ ခရစ်တော် သည်လည်း ကျွန်ုပ်တို့နှင့်အတူရှိနေသည်ဟူသော ယုံကြည်ချက်ရှင်သန်လာသည်။ ထိုယုံကြည်သူများ အရှုံးမပေး၊လက်မလျှော့သည့်နည်းတူ ကျွန်ုပ်သည်လည်း ယုံကြည်ခြင်းဖြင့် ရှေ့ဆက်လုပ်ဆောင်နေ မည်သာဖြစ်သည်။

ဆုတောင်းခြင်းအားဖြင့် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းများစွာခံစားရသည့်အကြောင်းကို သက်သေခံ ရမည်ဆိုလျှင် ပြော၍ကုန်မည်မဟုတ်ပေ။ သို့သော် ယခုမှာယေရှု၏ကတိတော်တစ်ချက်ကိုသာပြန်၍အမှတ်ရ စေရန်ပြောပြလိုပါသည်။

ယေရှု၏ကတိစကားမှာ -ဤလောက၌သင်တို့သည်ဝမ်းနည်းခြင်းရှိကြသော်လည်း၊ ထိုဝမ်းနည်းခြင်းသည် တဖန်ဝမ်းမြောက်ခြင်းဖြစ်လိမ့်မည်။

ဆုံးရှုံးမှုနှင့်ဆိုးရွားသော ဘဝအတွေ့အကြုံမည်မျှပင် သင်ဖြတ်သန်းနေရပါစေ..သခင်ယေရှု၏ဤ ကတိစကားသည် သင့်အတွက်ဖြစ်ပါသည်။ မှန်ကန်သည့်အရပ်ကိုသာ သင်ကြည့်မြင်တတ်ရန်လိုသည်။ ဝမ်းမြောက်ခြင်းခရီးစဉ်သည် ယေရှုဖြင့်စတင်၍ ယေရှုဖြင့်သာအဆုံးသတ်ပါသည်။ ထိုသခင်ယေရှုကိုသာ မျှော်ကြည့်လျက်နေပါ..မိတ်ဆွေ။
မည်သူမျှလုယူဖျက်စီး၍မရနိုင်သော ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်
ဦးထင်ကျော် @ Dr. Tim

သင်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် မျှော်လင့်ခြင်းပါရမီနှင့်ကြွယ်ဝစေခြင်းငှာ၊ ယုံကြည် သောစိတ်ရှိ၍ဝမ်းမြောက်သက်သာခြင်း အမျိုးမျိုးတို့နှင့်ပြည့်စုံမည်အကြောင်း၊ မျှော်လင့်ခြင်း၏ အရှင်၊ ဘုရား သခင်သည် ကယ်မသနားတော်မူပါစေသော။ (ရောမသြဝါဒစာ ၁၅း၁၃)
ဓာတ်ပုံ - ကျွန်ုပ်အနှစ်သက်ဆုံး စကြ်ံလမ်း၊ ရှာ့ထ်ကာသီဒြယ်လ်၊ ပြင်သစ်နိုင်ငံ။
သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်း ဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။

ဘာသာပြန်သူ - စောနယူတန်